ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

လူငယ်ရေးရာဦးစီးဌာန

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်

# ကြော်ငြာချက်

## ရုံးသုံးစက်ကိရိယာပစ္စည်း၊ ရုံးသုံးစက်ပစ္စည်း နှင့် ရုံးသုံးပရိဘောဂပစ္စည်းများအတွက် တင်ဒါခေါ်ယူခြင်း

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)တွင် နောက်ဆက်တွဲပါ Lot-1 ၊ Lot-2 နှင့် Lot-3 တို့အား ဝယ်ယူရန်အတွက် တင်ဒါစနစ်ဖြင့် တင်သွင်းမည့်ကုမ္ပဏီများ အလိုရှိပါသည်။ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သူများသည် မိမိတို့ဆောင်ရွက်နိုင်မည့် နှုန်းထားများနှင့်အတူ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း D(14-15) ကြားသို့ (၂-၅-၂၀၂၄) ရက်နေ့ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ချိတ်ပိတ်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
# လူငယ်ရေးရာဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို လူငယ်ရေးရာဦးစီးဌာန(နေပြည်တော်)သို့အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Lot-1 ရုံးသုံးစက်ကိရိယာပစ္စည်း | (၆) မျိုး |
| ( ခ ) | Lot-2 ရုံးသုံးစက်ပစ္စည်း | (၃) မျိုး |
| ( ဂ ) | Lot-3 ရုံးသုံးပရိဘောဂပစ္စည်း | (၁) မျိုး |

၂။ တင်ဒါပုံစံများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - (၉-၄-၂၀၂၄)မှ (၃၀-၄-၂၀၂၄)ထိ

( ခ ) တင်ဒါပုံစံတန်ဖိုး - ၂၀၀၀ ကျပ်

( ဂ ) တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန် - (၂-၅-၂၀၂၄)ရက်၊ ၁၆:၀၀ နာရီ

(ဃ) တင်ဒါဖွင့်ဖောက်စိစစ်မည့်နေ့ရက် - ပြန်လည်အကြောင်းကြားပါမည်။

( င ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ - D(14-15)ကြား၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လူငယ်ရေးရာဦးစီးဌာန၊ နေပြည်တော်

( စ ) တင်ဒါများကို ချိတ်ပိတ်စာအိတ်ဖြင့်ထည့်ရန်

၃။ တင်ဒါအာမခံကြေးသည် တင်ဒါတန်ဖိုး၏ (၁%) ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုဘဏ်တွင် တင်သွင်းပြီးဖြစ်ရမည် ချိတ်ပိတ်စာအိတ်နှင့်အတူ တင်ပြရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)၊ စီမံ/ဘဏ္ဍာဌာနခွဲ၊ ဖုန်း ၀၆၇၃-၄၁၃၉၄၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

လူငယ်ရေးရာဦးစီးဌာန

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# လူငယ်ရေးရာဦးစီးဌာန

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်

## အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဝယ်ယူမည့်ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းသူများအနေဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များကို မပျက်မကွက် လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်-

၁။ အိတ်ဖွင့်တင်ဒါနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများအား ပူးတွဲတင်ပြရမည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ

( ခ ) Company Profile

( ဂ ) ဈေးနှုန်းတင်သွင်းလွှာ

(ဃ) တင်ဒါတင်သွင်းသည့်ပစ္စည်း အသေးစိတ်စာရင်း

( င ) တင်ဒါတန်ဖိုး၏(၁%)တင်ဒါအာမခံကြေး ပေးသွင်းထားသည့်အထောက်အထား

၂။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီမှတ်ပုံတင်/အထောက်အထား(မူရင်း) တင်ပြရမည်။

၃။ တင်ဒါတင်သွင်းသူသို့ ကုမ္ပဏီမှ ကိုယ်စားလှယ်လွှဲစာတင်ပြနိုင်ရမည်။

၄။ တင်ဒါတင်သွင်းသူနှင့် တင်ဒါဖွင့်ဖောက်ချိန်တွင် တင်ဒါဖွင့်ပွဲသို့ တက်ရောက်သူသည်တစ်ဦးတည်းဖြစ်ရမည်။ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲသူအမည်အား ဌာနသို့ ကြိုတင်သတင်းပို့ရမည်။

၅။ သိလိုသည့်အချက်များအား တင်ဒါကော်မတီမှ တာဝန်ရှိသူများက မေးမြန်းသည့်အခါ ဖြေဆိုနိုင်မည့်သူသာ တက်ရောက်ရမည်။

၆။ ဝယ်ယူမည့်ပစ္စည်းသည် စက်ပစ္စည်းဖြစ်ပါက အာမခံသက်တမ်းဖော်ပြရမည်။ Service Center များနှင့် ချိတ်ဆက်၍ Service ပြုလုပ်ပေးနိုင်ရမည်။

၇။ ပစ္စည်းနမူနာ တင်ပြနိုင်ရမည်။

၈။ တင်ဒါအောင်မြင်ပြီးပါက ပေးသွင်းသည့်ပစ္စည်းနှင့် နမူနာပစ္စည်း တူညီရမည်။

၉။ ဌာနမှတောင်းဆိုပါက မည်သည့်ဒေသကိုမဆို ပစ္စည်းပေးပို့နိုင်ရမည်။

၁၀။ တင်ဒါဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချိန်မှာ သတ်မှတ်ရက်ထက် နောက်ကျခြင်း၊ အဆိုပါနေ့ရက်တွင် လာရောက်နိုင်ခြင်းမရှိပါက အဆိုပါကုမ္ပဏီအား တင်ဒါတင်သွင်းသူစာရင်းမှ ပယ်ဖျက်မည်။

၁၁။ အိတ်ဖွင့်တင်ဒါတန်ဘိုးငွေကို (ဂဏန်း/စာသား) နှစ်မျိုးဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၁၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးထားတင်ပြရန် သတ်မှတ်ထားသည့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော အိတ်ဖွင့်တင်ဒါများကို ဌာနမှ လုံးဝစဉ်းစားမည် မဟုတ်ပါ။

၁၃။ အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါဈေးနှုန်းကို အိတ်ဖွင့်တင်ဒါတင်သွင်းသူမှ လုံးဝ တာဝန်ယူရမည်။ မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများ ရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိပါသည်။

၁၄။ သတ်မှတ်ချက်နှင့် မညီညွတ်သည့် အိတ်ဖွင့်တင်ဒါများကို ရွေးချယ်ရန်မသင့်သည့် အိတ်ဖွင့်တင်ဒါရှင်များအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ တင်ဒါရွေးချယ်သည့် အဖွဲ့အနေဖြင့် မည်သည့်အိတ်ဖွင့်တင်ဒါကိုမဆို အကြောင်းတစ်စုံတစ်ရာ မဖော်ပြဘဲ ပယ်ဖျက်ပိုင်ခွင့်ရှိသည်။

၁၅။ အိတ်ဖွင့်တင်ဒါရွေးချယ်ပွဲပြီးစီး၍ အိတ်ဖွင့်တင်ဒါ ရွေးချယ်ခြင်းခံရသူများအနေဖြင့် (၁၅)ရက်အတွင်း နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုရမည်။

၁၆။ ဈေးနှုန်းညှိနှိုင်းခြင်းများ ဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် နိုင်ငံတော်သို့ နှစ်စဉ် အခွန်ပေးသွင်းသော ကုမ္ပဏီဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းများ တင်ပြရမည်။

၁၇။ တင်ဒါအောင်မြင်သူ၏ လုပ်ငန်းအာမခံကြေး(Performance Guarantee) အနေဖြင့် တင်ဒါအောင်မြင်သည့်တန်ဖိုး၏ (၁၀%)ကို တင်ဒါအောင်မြင်သူ ကြေညာသည့် နေ့ရက်မှစ၍ ရုံးဖွင့်ရက်(၇)ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် ဘဏ်အာမခံ(Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

လူငယ်ရေးရာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
လူငယ်ရေးရာဦးစီးဌာန

တင်ဒါပုံစံဈေးနှုန်း = ( ၂၀၀၀/- ) ကျပ်

(ကျပ်)

| တင်ဒါအမှတ်စဉ် | ပစ္စည်း အမျိုးအမည် | အရေ အတွက် | ရေတွက် ပုံ | အာမခံ စပေါ်ငွေ(၁%) | မှတ်ချက် |
|---|---|---|---|---|---|
| Lot-1 ရုံးသုံးစက်ကိရိယာ ပစ္စည်း | Smart TV 55" (5K) | ၁ | လုံး | | |
| | Refrigerator (2 Door ,Inverter Type,R 410a) | ၁ | လုံး | | |
| | Wireless Mic | ၄ | ခု | | |
| | Wire Mic | ၂ | ခု | | |
| | Mic Stand (Long) | ၂ | ခု | | |
| | 8" Bluetooth Box GTS-1248 | ၁ | စုံ | | |
| Lot-2 ရုံးသုံးစက်ပစ္စည်း | Desktop Computer | ၂ | စုံ | | |
| | Laptop Computer | ၁ | လုံး | | |
| | Printer | ၂ | လုံး | | |
| Lot-3 ရုံးသုံးပရိဘောဂ ပစ္စည်း | သံဘီဒိုကြီး<br>-Size: (36 x 16 x 72) inch<br>-Metal Frame with epoxy coating<br>-Metal swing doors with lock(FCA18) | ၄ | လုံး | | |